# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မန္တလေးတိုင်းဒေသကြီးအစိုးရ

## အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၀

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

(၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၄ ရက်)

## မန္တလေးတိုင်းဒေသကြီးအတွင်း တားမြစ်မိန့်ထုတ်ပြန်ခြင်း

၁။ COVID-19 အဆုတ်ရောင်ရောဂါသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့နေပြီဖြစ်ပါသည်။ ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၃ ရက်နေ့အထိ တစ်ကမ္ဘာလုံး ကူးစက်သူပေါင်း(၁၀၁၇၆၉၃)ဦးနှင့် သေဆုံးသူပေါင်း (၅၃၁၇၉)ဦး ရှိပြီဖြစ်ပါသည်။ ယခုအခါတွင် အီတလီ၊ စပိန်၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နိုင်ငံတို့တွင် သေဆုံးမှုများသည် မူရင်းဖြစ်ပွားခဲ့သော တရုတ်ပြည်ထက် သေဆုံးမှု ပိုမိုများပြားနေပြီ ဖြစ်ပါသည်။

၂။ COVID- 19 အဆုတ်ရောင်ရောဂါသည် ထိတွေ့မှုမှတစ်ဆင့် ကူးစက်သည့်အပြင် လေထုထဲမှ တစ်ဆင့် ကူးစက်နိုင်သည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ယနေ့အသိအမှတ်ပြု ကြေညာလိုက်ပြီဖြစ်ပါသည်။ လေထုထဲမှတစ်ဆင့် ကူးစက်ခြင်း(ရိုးရိုးသာမန်စကားပြောရုံမျှဖြင့်ကူးစက်ခြင်း)ကို နိုင်ငံအများက လက်ခံပြီးဖြစ်ပါသည်။ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးသော နည်းလမ်းမှာ မိမိအိမ်တွင်နေထိုင်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိရန်(Physical Distancing)ပြုလုပ်ရန် လိုအပ်လာပြီဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မရှိမဖြစ်လိုအပ်သော စားသောက်ကုန်များ ရောင်းချနေသည့်လုပ်ငန်းများ၊ စားသောက်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဆေးဝါးပစ္စည်း အရောင်းဆိုင်များ၊ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ စက်သုံးဆီဆိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများ၊ ဘဏ်များ အစရှိသည့်လုပ်ငန်းများမှာ ဖွင့်လှစ်ရပါမည်။ ဖွင့်လှစ်ခြင်းမပြုပါက ဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

၄။ မန္တလေးတိုင်းဒေသကြီးအတွင်း အထက်ဖော်ပြပါလုပ်ငန်းများမှလွဲ၍ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ Inn များ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အဝတ်အထည်ဆိုင်များ အစရှိသည့် ကျန်လုပ်ငန်းများအားလုံး (၆-၄-၂၀၂၀) ရက်နေ့ (၂၄၀၀) နာရီအချိန်မှ (၂၁-၄-၂၀၂၀) ရက်နေ့၊

(၂၄၀၀)နာရီအချိန်ထိ ခေတ္တယာယီပိတ်သိမ်း ထားရမည်ဖြစ်ပါသည်။ ပိတ်သိမ်းခြင်းမပြုပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

၅။ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ကုန်စည်စီးဆင်းမှုအတွက် ဝင်/ထွက်သွားလာနေသည့် ကုန်တင်ယာဉ်များနှင့် သာမန်အိမ်စီးကားများမှအပ ကျန်ရှိသောခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ အားလုံး၊ ဘုရားဖူးယာဉ်များအားလုံး၊ အပန်းဖြေခရီးသွားယာဉ်များအားလုံး၊ အလည်အပတ်သွား ရောက်သည့်ယာဉ်များအားလုံးနှင့် အိမ်စီးကားများအနက်(ယာဉ်မောင်းများအပါအဝင်(၇)ဦးထက်ပိုသော) မော်တော်ယာဉ်များအားလုံး မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်/ထွက်သွားလာခွင့်အား (၆-၄-၂၀၂၀) ရက်နေ့ (၂၄၀၀)နာရီအချိန်မှ (၂၁-၄-၂၀၂၀)ရက်နေ့ (၂၄၀၀)နာရီအချိန်ထိ ခေတ္တယာယီ ပိတ်သိမ်း ထားရန် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် COVID-19 အဆုတ်ရောင်ရောဂါ ပြန့်ပွားမှု ထိန်းချုပ်ခြင်း လုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မှတ်ယူပြီး လိုက်နာဆောင်ရွက်သွားရန် အသိပေးကြေညာလိုက်သည်။

(ပုံ)

ဒေါက်တာဇော်မြင့်မောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရ

စာအမှတ်၊ ၂ / ၄ - ၇ / ၃ ဦး ၆ ( ၈၇၀ )

ရက်စွဲ ။ ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၄ ရက်